# နောက်ဆက်တွဲ ၇။ လိမ်လည်မှုနှင့် ဘဏ္ဍာရေးနှင့် သက်ဆိုင်သည့် မသင့်လျော်သော အပြုအမူဆိုင်ရာ မိတ်ဖက်လမ်းညွှန်မှတ်စု

MHF Myanmar Humanitarian Fund

MHF မိတ်ဖက်များနှင့် တစ်ဆင့်ခံမိတ်ဖက်များ၏ လိမ်လည်မှုနှင့် ဘဏ္ဍာရေးနှင့် သက်ဆိုင်သည့် မသင့်လျော်သော အပြုအမူနှင့် စပ်လျဉ်းသည့် တာဝန်ဝတ္တရားများ (အောက်တိုဘာ ၂၀၂၁)

## နိဒါန်း

ဤစာရွက်စာတမ်းသည် OCHA က စီမံခန့်ခွဲသည့် နိုင်ငံအခြေပြု စုပေါင်းရန်ပုံငွေအဖွဲ့ (CBPF) တစ်ဖွဲ့ ဖြစ်သည့် မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ ရန်ပုံငွေအဖွဲ့ (MHF) ၏ မိတ်ဖက်များနှင့် တစ်ဆင့်ခံ မိတ်ဖက်များအတွက် လိမ်လည်မှု၊ လမ်းကြောင်းလွှဲမှု၊ အလွဲသုံးစားမှုနှင့် ဘဏ္ဍာရေးအရ မသင့်လျော်သော အပြုအမူဆိုင်ရာ ဖြစ်ရပ်များကို တားဆီးခြင်း၊ ဖော်ထုတ်ခြင်း၊ အစီရင်ခံခြင်းနှင့် တုံ့ပြန်ခြင်းတို့နှင့် သက်ဆိုင်သည့် ယင်းတို့၏ လုပ်ဆောင်ရန်တာဝန်များအား လမ်းညွှန်ခြင်း ဖြစ်သည်။ ဤစာရွက်စာတမ်းကို CBPF များအတွက် ကမ္ဘာလုံးဆိုင်ရာ လမ်းညွှန်များ[1]၊ CBPF လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲစာအုပ်နှင့် ယင်းတို့၏ နောက်ဆက်တွဲများ၊ MHF လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာလက်စွဲ (ဇူလိုင် ၂၀၂၁ တွင် ပြင်ဆင်ဖြည့်စွက်သည့်မူ) တို့နှင့် တွဲဖက်ဖတ်ရှုရန် ဖြစ်သည်။

*ဤလုပ်ထုံးလုပ်နည်းများသည် ကုလသမဂ္ဂဝန်ထမ်းများ သို့မဟုတ် ယင်းနှင့်ချိတ်ဆက်ထားသည့် တာဝန်ရှိသူများ ပါဝင်ပတ်သက်နေသည့် အမှုများနှင့် **အကျုံးမဝင်ပါ**။*

**MHF မိတ်ဖက်များနှင့် တစ်ဆင့်ခံမိတ်ဖက်များ၏ တာဝန်ဝတ္တရားများ**

ခွင့်ပြုရန်ပုံငွေဆိုင်ရာ သဘောတူညီချက်သည် မိတ်ဖက်များအနေဖြင့် MHF ခွင့်ပြုရန်ပုံငွေကို လက်ခံ ရရှိချိန်တွင် ကုလသမဂ္ဂနှင့် ချုပ်ဆိုရသည့် ဥပဒေဆိုင်ရာ ပဋိညာဉ်တစ်ရပ်ဖြစ်ပြီး မိတ်ဖက်များသည် အောက်ပါ သတ်မှတ်ချက်များကို လိုက်နာရန် တာဝန်ရှိသည် –

၁။ လုံးဝသည်းမခံခြင်း

- မိတ်ဖက်ဖြစ်သူသည် လိမ်လည်မှုအပါအဝင် မလျော်မကန် အသုံးပြုမှုနှင့် လက်မခံနိုင်သော အပြုအမူတို့ကို လုံးဝသည်းမခံသည့် ကုလသမဂ္ဂနှင့် OCHA တို့၏မူကို အကောင်အထည် ဖော်ရန် အသိအမှတ်ပြု သဘောတူညီသည်။ မိတ်ဖက်ဖြစ်သူသည် လုံးဝသည်းမခံသော မူဝါဒကို ယင်း၏

[1] ယင်းကို ဤလိပ်စာတွင် ရနိုင်သည် – https://www.unocha.org/our-work/humanitarian-financing/country-based-pooled-funds-cbpf/cbpf-guidelines

ဝန်ထမ်းများနှင့် တစ်ဆင့်ခံ လုပ်ငန်းလက်ခံဆောင်ရွက်သူများ အားလုံးသို့ ဆက်သွယ်ပြောကြား ရန်လည်း တာဝန်ရှိသည်။ (ခွင့်ပြုရန်ပုံငွေဆိုင်ရာ သဘောတူညီချက်၊ စည်းမျဉ်း ၄၊ အပိုဒ် ၄ နှင့် ၅)

၂။ ကာကွယ်တားဆီးခြင်း

- မိတ်ဖက်ဖြစ်သူသည် ရရန်ပိုင်ခွင့်များနှင့် ရန်ပုံငွေများကို လွဲမှားစွာ စီမံခန့်ခွဲမှု၊ လွဲမှားစွာ အသုံးပြုမှုနှင့် အလွဲသုံးစားပြုမှု၊ ခိုးမှု၊ လိမ်လည်မှု၊ အဂတိလိုက်စားမှု၊ လွဲမှားစွာ ကိုယ်စားပြုဖော်ပြမှု၊ လျှို့ဝှက်စွာပူးပေါင်းကြံစည်မှုနှင့် အခြား ပစ္စည်းဝယ်ယူရေးဆိုင်ရာ အခြေခံမူများကို ချိုးဖောက်မှုများ၊ ကြီးမားစွာပေါ့ဆမှုတို့ အပါအဝင် မလျော်မကန် အသုံးပြုမှုနှင့် လက်မခံနိုင်သော အပြုအမူတို့ကို တားဆီးရန် ကျိုးကြောင်းဆီလျော်သည့် လုပ်ဆောင်ချက် အားလုံးကို ဆောင်ရွက်ရန် သဘောတူသည်။ (စည်းမျဉ်း ၄၊ အပိုဒ် ၅)
- မိတ်ဖက်ဖြစ်သူသည် ထိခိုက်လွယ်သည့် အကျိုးခံစားခွင့်ရှိသူများနှင့် OCHA အတွက် အရေးကြီးသော လူပုဂ္ဂိုလ်များအပေါ် ယင်း၏ ဝန်ထမ်းများက ခေါင်းပုံဖြတ်မှုနှင့် အလွဲသုံးစား ပြုမှုတို့မှ ကာကွယ်တားဆီးရန် ဖြစ်နိုင်သမျှ အရေးယူဆောင်ရွက်မှု အားလုံးကို ပြုလုပ်ရန် လက်ခံသည်။ (စည်းမျဉ်း ၄၊ အပိုဒ် ၆)

၃။ အစီရင်ခံခြင်း

- မိတ်ဖက်ဖြစ်သူသည် ခွင့်ပြုရန်ပုံငွေဆိုင်ရာ သဘောတူညီချက်တွင် ပါဝင်သည့် မည်သည့် လိုက်နာရန်တာဝန်ကိုမဆို မိတ်ဖက်ဖြစ်သူကဖြစ်စေ၊ တစ်ဆင့်ခံမိတ်ဖက်ကဖြစ်စေ၊ တစ်ဆင့်ခံ လုပ်ငန်းလက်ခံသူကဖြစ်စေ ချိုးဖောက်ကြောင်း သို့မဟုတ် ချိုးဖောက် နိုင်ကြောင်း သတိပြုမိလျှင် OCHA သို့ (၄၈ နာရီအတွင်း) ချက်ချင်းအကြောင်းကြားရန် ကတိကဝတ်ပြုသည်။ (စည်းမျဉ်း ၄၊ အပိုဒ် ၈)
- မိတ်ဖက်ဖြစ်သူသည် အောက်ပါတို့နှင့် စပ်လျဉ်း၍ OCHA သို့ ချက်ချင်းဆက်သွယ် ပြောကြားရန် ဆက်လက်၍ ကတိကဝတ်ပြုသည် –
    - မိတ်ဖက်ဖြစ်သူ၏ ဝန်ထမ်း သို့မဟုတ် သက်ဆိုင်သည့် တာဝန်ရှိသူ ပါဝင် ပတ်သက်နေသည်ဟု သံသယရှိသော (သို့မဟုတ်) စွပ်စွဲထားသော မည်သည့် အလွဲသုံးစားပြုမှုနှင့် မသင့်လျော်သော အပြုအမူမဆိုနှင့်
    - ဝန်ထမ်း၏ လက်မခံနိုင်သော အပြုအမူဆိုင်ရာ စွပ်စွဲချက်များနှင့် စပ်လျဉ်း သည့်၊ ထို့ပြင် လိမ်လည်မှုနှင့်/သို့မဟုတ် MHF ခွင့်ပြုရန်ပုံငွေ သို့မဟုတ် မိတ်ဖက်ဖြစ်သူနှင့် ဆက်စပ်သည့် ရန်ပုံငွေများ အလွဲအသုံးပြုမှုနှင့် စပ်လျဉ်းသည့် မည်သည့်စုံစမ်း စစ်ဆေးမှု၊ စုံစမ်းစစ်ဆေးရန် အသေးစိတ် စာရင်းစစ်ခြင်း သို့မဟုတ် စီမံအုပ်ချုပ်မှု ဆိုင်ရာ အရေးယူဆောင်ရွက်ချက် ကိုမဆို စီစဉ်ထားမှုနှင့် ဆောင်ရွက်မှု၊
- မိတ်ဖက်ဖြစ်သူသည် ဆောင်ရွက်သည့် စုံစမ်းစစ်ဆေးမှုများ၏ အစီရင်ခံစာ အပြည့်အစုံနှင့် စုံစမ်းစစ်ဆေးမှုနှင့် စပ်လျဉ်း၍ OCHA က တောင်းခံလာနိုင်သည့် အခြားမည်သည့် သတင်း အချက်အလက်ကိုမဆို OCHA နှင့် အချိန်မီ မျှဝေရမည်။ (စည်းမျဉ်း ၁၁၊ အပိုဒ် ၄)

- မိတ်ဖက်ဖြစ်သူသည် ယင်း၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် သို့မဟုတ် တာဝန်ရှိသူ များအား မည်သည့်စုံစမ်းစစ်ဆေးမှု သို့မဟုတ် မည်သည့်တရားစွဲဆိုမှုကိုမဆို မည်သည့် အဆင့်၌မဆို စတင်ပြုလုပ်သည့်အခါ ယင်းသို့သိရှိသည်နှင့် OCHA သို့ စာဖြင့် ရေးသားလျက် ချက်ချင်း အကြောင်းကြားရန် လက်ခံသည်။ ယင်းသို့ပြုလုပ်ရန် ပျက်ကွက်ပါက ဆောင်ရွက်ဆဲစီမံချက်များ ဖျက်သိမ်းခြင်းနှင့်/သို့မဟုတ် မိတ်ဖက်ဖြစ်သူအား ရန်ပုံငွေရရှိရန် အရည်အချင်းပြည့်မီနိုင်မှုမှ ပယ်ဖျက်ခြင်းတို့နှင့် ကြုံတွေ့ရနိုင်သည်။ (စည်းမျဉ်း အမှတ် ၂၊ အပိုဒ် ၆)

၄။ စာရွက်စာတမ်းများကို ရယူနိုင်မှု

- မိတ်ဖက်ဖြစ်သူသည် OCHA၊ ကုလသမဂ္ဂ၏ အဖွဲ့အစည်းအတွင်း စောင့်ကြပ်ကြည့်ရှုမှု ဝန်ဆောင်မှုများရုံး (OIOS) သို့မဟုတ် အခြားထိုက်သင့်စွာ အခွင့်အာဏာအပ်နှင်းထားသည့် မည်သည့်ပုဂ္ဂိုလ်ကိုမဆို တစ်ဆင့်ခံမိတ်ဖက်များ သို့မဟုတ် တစ်ဆင့်ခံ လုပ်ငန်းလက်ခံ ဆောင်ရွက်သူများက တာဝန်ယူဆောင်ရွက်သည့် လုပ်ဆောင်ချက်များ အပါအဝင် MHF ရန်ပုံငွေထောက်ပံ့သည့် စီမံချက်များနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ၊ စီမံချက်နှင့် သက်ဆိုင်သော ပရိဝုဏ်များ၊ စီမံချက် အကောင်အထည်ဖော်နေသော လုပ်ငန်းခွင်များ အားလုံးသို့ အပြည့်အဝနှင့် အကန့်အသတ်မရှိ ဝင်ရောက်ရယူခွင့်ပြုရန် သဘောတူသည်။ (စည်းမျဉ်း ၁၁၊ အပိုဒ် ၂)
- မိတ်ဖက်ဖြစ်သူသည် စီမံချက်စောင့်ကြည့်လေ့လာမှုများ၊ စာရင်းစစ်ခြင်း၊ စုံစမ်းစစ်ဆေး ခြင်းနှင့် အခြားပြန်လည်သုံးသပ်မှု အမျိုးအစားများ၊ စီမံချက်နှင့် သက်ဆိုင်သော ပရိဝုဏ်များနှင့် စီမံချက်အကောင်အထည်ဖော်နေသော လုပ်ငန်းခွင်များသို့ သွားရောက်ခြင်းများ အားလုံးကို လွယ်ကူချောမွေ့အောင် အထောက်အကူပေးရန် လက်ခံသည်။ (စည်းမျဉ်း ၁၁၊ အပိုဒ် ၃)

၅။ ရပ်ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်း

- မိတ်ဖက်ဖြစ်သူက မလျော်မကန်အသုံးပြုမှု သို့မဟုတ် အခြားလက်မခံနိုင်သည့် အပြုအမူကို ကာကွယ်တားဆီးရေးအတွက် ထိရောက်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် ပျက်ကွက်ခြင်း သို့မဟုတ် အလားတူကိစ္စအတွက် စွပ်စွဲချက်များကို စုံစမ်း စစ်ဆေးရန်ပျက်ကွက် ခြင်းနှင့် မသင့်လျော်သော အပြုအမူပေါ်ပေါက်ခဲ့ကြောင်း တွေ့ရှိသည့်အခါ စည်းကမ်းထိန်းသိမ်း ရေးနှင့် ပြန်လည်ပြင်ဆင်ရေး အရေးယူဆောင်ရွက်ချက်များ ပြုလုပ်ရန် ပျက်ကွက်ခြင်းသည် OCHA နှင့် ခွင့်ပြုရန်ပုံငွေဆိုင်ရာ သဘောတူညီချက်ကို ဖျက်သိမ်းရန် အကြောင်းတရားများ ဖြစ်လိမ့်မည်။ (စည်းမျဉ်း ၄၊ အပိုဒ် ၆)
- လိမ်လည်မှု၊ ရန်ပုံငွေများ လမ်းလွှဲမှု သို့မဟုတ် အလွဲသုံးစားပြုမှုဟု သံသယရှိသည့် အရေးကြီးသော စွပ်စွဲချက်များတွင် OCHA သည် ရပ်ဆိုင်းရန် ၁၄ ရက် ကြိုတင် သတိပေးခြင်းကို ကျင့်သုံးခြင်းမပြုဘဲ စီမံချက်ကို ချက်ချင်းဖျက်သိမ်းရန်အတွက် အကြောင်းကြားစာထုတ်ပြန်ရန် ဆုံးဖြတ်နိုင်သည်။ (စည်းမျဉ်း ၁၃၊ အပိုဒ် ၄)

၆။ တစ်ဆင့်ခံ ခွင့်ပြုခြင်း သို့မဟုတ် တစ်ဆင့်ခံ လုပ်ငန်းလက်ခံဆောင်ရွက်ခြင်း

- မိတ်ဖက်ဖြစ်သူသည် တစ်ဆင့်ခံမိတ်ဖက်များ သို့မဟုတ် တစ်ဆင့်ခံလုပ်ငန်းလက်ခံ ဆောင်ရွက်သူများက ဆောင်ရွက်ပေးသည့် လုပ်ငန်းနှင့် ဝန်ဆောင်မှုအားလုံးအတွက်နှင့် ယင်းတို့ကဖြစ်စေ၊ ယင်းတို့၏ ဝန်ထမ်းများကဖြစ်စေ၊ အခြားဆက်စပ် တာဝန်ရှိသူများကဖြစ်စေ ပြုလုပ်သည့်အရာအားလုံးနှင့် ပြုလုပ်ရန်ပျက်ကွက်သည့် အရာအားလုံးအတွက် အပြည့်အဝ တာဝန်ရှိသည်။ (စည်းမျဉ်း ၅၊ အပိုဒ် ၅)
- တစ်ဆင့်ခံမိတ်ဖက်တစ်ဦး သို့မဟုတ် တစ်ဆင့်ခံ လုပ်ငန်းလက်ခံဆောင်ရွက်သူတစ်ဦးကို OCHA က အတည်ပြုခြင်းဖြင့် မိတ်ဖက်ဖြစ်သူအား ခွင့်ပြုရန်ပုံငွေဆိုင်ရာ သဘော တူညီချက်အရ ၎င်း၏ တာဝန်ရှိမှုများမှ သက်သာခြင်းမရှိစေရ။ ယင်းတာဝန်များကို မိတ်ဖက်ဖြစ်သူက တစ်ဆင့်ခံ မိတ်ဖက် သို့မဟုတ် တစ်ဆင့်ခံ လုပ်ငန်းလက်ခံ ဆောင်ရွက်သူ(များ)နှင့် ချုပ်ဆိုသည့် ယင်း၏ ပဋိညာဉ်များသို့ ဆက်လက်သယ်ဆောင် စေရမည်။ (စည်းမျဉ်း ၅၊ အပိုဒ် ၅)
- မိတ်ဖက်ဖြစ်သူသည် ရန်ပုံငွေများနှင့် စီမံချက်၏ ရလဒ်များအား တာဝန်ခံခြင်း အပါအဝင် တစ်ဆင့်ခံလုပ်ငန်းအပ်နှံသည့် လုပ်ဆောင်ချက်များအား စောင့်ကြည့်လေ့လာကြောင်း သေချာစေရန် ဆောင်ရွက်ရမည်။ (စည်းမျဉ်း ၅၊ အပိုဒ် ၅)
- တစ်ဆင့်ခံမိတ်ဖက်ဖြစ်သူ သို့မဟုတ် တစ်ဆင့်ခံလုပ်ငန်းလက်ခံဆောင်ရွက်သူ၏ လက်မခံနိုင်သည့် အပြုအမူဟု စွပ်စွဲထားသော သို့မဟုတ် သံသယရှိသော ဖြစ်ရပ်တွင် မိတ်ဖက်ဖြစ်သူသည် –
    - OCHA ကို ချက်ချင်း အကြောင်းကြားရမည်။
    - စွပ်စွဲချက်များကို (တစ်ဆင့်ခံ လုပ်ငန်းလက်ခံဆောင်ရွက်သူ သို့မဟုတ် မိတ်ဖက်ဖြစ်သူက) မဆိုင်းမတွနှင့် သင့်တင့်လျောက်ပတ်စွာ စုံစမ်းစစ်ဆေး ရမည်။
    - OCHA က ခန့်အပ်သည့် စုံစမ်းစစ်ဆေးရေးမှူးများအား တစ်ဆင့်ခံ မိတ်ဖက် သို့မဟုတ် တစ်ဆင့်ခံ လုပ်ငန်းလက်ခံဆောင်ရွက်သူ၏ လုပ်ဆောင်ချက်များနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများနှင့် လုပ်ငန်းခွင်များသို့ ဝင်ရောက်ရယူခွင့်ပြုရမည်။ (စည်းမျဉ်း ၁၁)
- တစ်ဆင့်ခံမိတ်ဖက် သို့မဟုတ် တစ်ဆင့်ခံ လုပ်ငန်းလက်ခံဆောင်ရွက်သူက လက်မခံနိုင်သည့် အပြုအမူကို ကျူးလွန်သည်ဟု အတည်ပြု ထားသည့်ဖြစ်ရပ်တွင် မိတ်ဖက်ဖြစ်သူသည် –
    - လိမ်လည်ထားသော ပမာဏကို OCHA သို့ ပြန်လည်ပေးသွင်းကြောင်း သေချာအောင် ဆောင်ရွက်ရမည်။
    - လိုအပ်သည့် ပြုပြင်ရေးနှင့် စည်းကမ်းထိန်းသိမ်းခြင်းဆိုင်ရာ အရေးယူ ဆောင်ရွက်ချက်များ အားလုံးကို လုပ်ဆောင်ခဲ့ကြောင်း သေချာအောင် ဆောင်ရွက်ရမည်။

**အစီရင်ခံရမည့်အရာများ**

<u>လိမ်လည်မှုဆိုင်ရာ လုပ်ရပ်များ</u> – လိမ်လည်မှုဆိုင်ရာ လုပ်ရပ်များတွင် အောက်ပါတို့ ပါဝင်သည် –

- *လိမ်လည်မှု* – တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် သီးခြားရပ်တည်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတစ်ခုက မသင့်လျော်သည့် အကျိုးကျေးဇူး သို့မဟုတ် အားသာချက်တစ်ခုကို ၎င်းကိုယ်တိုင်

အတွက်ဖြစ်စေ၊ တတိယပုဂ္ဂိုလ်တစ်ဦးအတွက်ဖြစ်စေ ရယူရန်၊ သို့မဟုတ် အခြားသူတစ်ဦး၏ အကျိုးစီးပွားကို ထိခိုက်စေရန် အရေးပါသည့် အချက်အလက်တစ်ခုကို လွဲမှားစွာ ပုံဖော်ခြင်း သို့မဟုတ် ဖုံးကွယ်ထားခြင်းဖြစ်သည့် မည်သည့်ပြုလုပ်မှု သို့မဟုတ် ပြုလုပ်ရန် ပျက်ကွက်မှုမဆို ဖြစ်သည်။ ထို့ပြင်

- *အဂတိလိုက်စားမှု* – မိမိကိုယ်တိုင်အတွက်လည်းကောင်း၊ တတိယပုဂ္ဂိုလ်အတွက် လည်းကောင်း မသင့်လျော်သည့် အကျိုးကျေးဇူးတစ်ရပ်ကို ရရှိရန်အလို့ငှာ တရားဝင် လုပ်ပိုင်ခွင့်အာဏာကို လွဲမှားစွာ အသုံးပြုသည့် သို့မဟုတ် တရားဝင်လုပ်ပိုင်ခွင့်အာဏာကို လွဲမှားစွာ အသုံးပြုစေရန် ကြံရွယ်သည့် မည်သည့်ပြုလုပ်မှု သို့မဟုတ် ပြုလုပ်ရန် ပျက်ကွက်မှုမဆို ဖြစ်သည်။

<u>နမူနာများ</u> – မိတ်ဖက်များ သို့မဟုတ် ယင်းတို့၏ ပစ္စည်း/ဝန်ဆောင်မှု ရောင်းချသူများ၊ တစ်ဆင့်ခံ မိတ်ဖက်များ သို့မဟုတ် တစ်ဆင့်ခံ လုပ်ငန်းလက်ခံဆောင်ရွက်သူများက ကျူးလွန်သည့်အခါ အစီရင်ခံရန် လိုအပ်သော လိမ်လည်မှုဆိုင်ရာ လုပ်ရပ်နမူနာများမှာ –

- စာရွက်စာတမ်းများကို အတုပြုလုပ်ခြင်း (လက်မှတ်အတု၊ ပြေစာအတုများ၊ စသည်)
- မမှန်ကန်သည့် ဖော်ပြချက်/ထွက်ဆိုချက်များ
- ပြုလုပ်မှု သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ် (ဥပမာ – ပစ္စည်းဝယ်ယူမှုတစ်ခု သို့မဟုတ် လုပ်ငန်းစဉ်တစ်ရပ်) အပေါ် မသင့်လျော်သည့်နည်းဖြင့် လွှမ်းမိုးနိုင်ရန် တန်ဖိုးရှိသည့် အရာတစ်ခုကို ကမ်းလှမ်းခြင်း
- အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်မှု (ဥပမာ – လုပ်ငန်းအပ်နှံမှုတစ်ရပ်ကို ဆွေမျိုး/မိတ်ဆွေ တစ်ဦးက ရရှိစေရန် ဈေးပြိုင်တင်သွင်းမှုကို လျစ်လျူရှုခြင်း၊ အရည်အချင်းမပြည့်မီသည့် ဆွေမျိုးများကို ငှားရမ်း/ခန့်အပ်ခြင်း)
- တင်ဒါတင်သွင်းမှု လုပ်ငန်းစဉ်အတွင်း မသင့်လျော်သည့် အကျိုးကျေးဇူးများ ရရှိရန် ပစ္စည်း ပေးသွင်းသူများအကြား လျှို့ဝှက်ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် ယှဉ်ပြိုင်မှုနှင့် ဆန့်ကျင်ဖီလာဖြစ်သည့် အခြားလျှို့ဝှက်ကြံစည်မှုကို ပြုလုပ်ခြင်း
- ပဋိညာဉ်ပါ စည်းကမ်းချက်များကို စံမမီသော နည်းလမ်းဖြင့် လိုက်နာဆောင်ရွက်ခြင်းနှင့် ယင်းကို ထုတ်ဖော်ကြေညာမှု မပြုခြင်း
- ရန်ပုံငွေများကို လမ်းလွှဲခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်း
- လမ်းလွှဲထားသည့် ကုန်စည်များကို အမှန်တကယ် ဖြန့်ဖြူးသကဲ့သို့ ပြုလုပ်ခြင်း
- တစ်ခုတည်းသော အရာများ/ဝယ်ယူမှုများ သို့မဟုတ် ဝန်ဆောင်မှုများအတွက် နှစ်ကြိမ် သို့မဟုတ် အကြိမ်များစွာ ငွေတောင်းခံခြင်း
- ငွေတောင်းခံရာတွင် အထောက်အကူအဖြစ် အသုံးပြုသည့် ရုံးတွင်းမှတ်တမ်းများကို အတုအပ ပြုလုပ်ခြင်း
- အရာဝတ္ထုပစ္စည်းများ၊ ဝန်ထမ်းများ သို့မဟုတ် ဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ်များကို စီမံချက်/အလှူရှင် အများအပြား၌ နှစ်ကြိမ်ကျသင့်စေခြင်း

- လုပ်ငန်းလွှယ်ကူချောမွေ့စေရန် ငွေပေးချေမှုများ၊ တရားမဝင် အပိုဆုကြေး၊ လာဘ် ပေးခြင်း၊ ဆက်သွယ်ဆောင်ရွက်ပေးမှုအတွက် လက်သိပ်ထိုးပေးခြင်းတို့တွင် ပါဝင် ဆောင်ရွက်ခြင်း
- အဖွဲ့အစည်းသို့(မှ) ပိုမိုပေးချေမှုများနှင့် ငွေစာရင်းတွင် ပိုမိုဝင်ရောက်မှုများကို သိရှိလျက်နှင့် သတင်းပို့တိုင်ကြားရန် ပျက်ကွက်ခြင်း
- ငွေညှစ်ခြင်း သို့မဟုတ် ဖိအားပေး အကျပ်ကိုင်ခြိမ်းခြောက် တောင်းခံခြင်း (ကုန်စည်များ၊ ဝန်ဆောင်မှုများ သို့မဟုတ် လုပ်ငန်းများ ဝယ်ယူသည့် လုပ်ငန်းစဉ်ကို လွှမ်းမိုးရန် ကြိုးစားသည့်လုပ်ရပ် သို့မဟုတ် လူပုဂ္ဂိုလ်၊ ပစ္စည်း သို့မဟုတ် ဂုဏ်သတင်းကို ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်သည့်နည်းဖြင့် လုပ်ငန်းအပ်နှံမှု/ပဋိညာဉ်များ ရရှိအောင် လုပ်ဆောင်ခြင်း)

လိမ်လည်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ လက်မခံနိုင်သည့် အပြုအမူများအတွက် နောက်ထပ်ဖွင့်ဆိုချက်များနှင့် နမူနာများကို ကုလသမဂ္ဂ မိတ်ဖက်ဆိုင်ရာ ဝက်ဘ်ဆိုက် (https://learning.unpartnerportal.org/course/view.php?id=2) ရှိ လိမ်လည်မှု သိရှိနားလည်စေရေး သင်တန်း သင်ခန်းစာများ၌ လေ့လာနိုင်သည်။

## မည်သို့တိုင်ကြားမည်နည်း

မိတ်ဖက်ဖြစ်သူသည် MHF ရန်ပုံငွေထောက်ပံ့သည့် လုပ်ငန်းများ သို့မဟုတ် လူပုဂ္ဂိုလ်များ အပေါ် သက်ရောက်နိုင်သည့် မည်သည့်ဖြစ်ရပ်ကိုမဆို ယင်းတို့၏ သက်ရောက်မှုကို အတည်မပြုနိုင်သေး စေကာမူ OCHA သို့ ချက်ချင်း (၄၈ နာရီအတွင်း) သတင်းပို့တိုင်ကြားရမည်။ မိတ်ဖက်ဖြစ်သူ၏ သံသယရှိမှုများကို စောစီးစွာဖော်ထုတ်ခြင်းဖြင့် ပွင့်လင်းမြင်သာမှုနှင့် စိတ်ရင်းစေတနာ မှန်ကန်မှုတို့ကို ဖော်ပြပြီး လိုအပ်သည့် အရေးယူဆောင်ရွက်ချက်များကို ဆုံးဖြတ်ရာ၌ ယင်းအချက် ကို ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။

ဖြစ်ရပ်အားလုံးကို အောက်ပါတို့ထံ သတင်းပို့တိုင်ကြားနိုင်သည် –

- OCHA ရုံးအကြီးအကဲ၊ CBPF ရန်ပုံငွေမန်နေဂျာ သို့မဟုတ် OCHA လူသားချင်းစာနာမှု ဆိုင်ရာ ဘဏ္ဍာငွေထောက်ပံ့ရေးဌာနမှ အခြားအဖွဲ့ဝင်များသို့ အီးမေးလ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊
- CBPF ၏ မကျေနပ်ချက်တိုင်ကြားခြင်း သို့မဟုတ် တုံ့ပြန်အကြံပြုခြင်းစနစ် (MHFComplaints@un.org)၊
- ကုလသမဂ္ဂ၏ အဖွဲ့အစည်းအတွင်း စောင့်ကြပ်ကြည့်ရှုမှု ဝန်ဆောင်မှုများရုံး (OIOS) (*https://oios.un.org/content/contact-us*)။

မိတ်ဖက်ဖြစ်သူသည် အသိပေးအကြောင်းကြားမှုကို အချိန်မီပြုလုပ်ခြင်းဖြစ်ပြီး ရရှိနိုင်သမျှ အသေးစိတ် အချက်အလက်များ ပါဝင်သည်ဆိုပါက အထက်ပါ လမ်းကြောင်းများမှတစ်ဆင့် ၎င်းတို့ နှစ်သက်သည့်ပုံစံဖြင့် လျှို့ဝှက်စွာ သတင်းပို့တိုင်ကြားနိုင်သည်။

အကယ်၍ အောက်ပါအသေးစိတ်အချက်အလက်များကို ရရှိနိုင်ပါက ထည့်သွင်းဖော်ပြရန်ဖြစ်သည် –

- *လိမ်လည်ကြောင်း သံသယရှိသည့် လုပ်ဆောင်ချက်များ၊ ပါဝင်ပတ်သက်သည့် လူပုဂ္ဂိုလ်များနှင့်/သို့မဟုတ် အဖွဲ့အစည်းများ၊ ပါဝင်ပတ်သက်နိုင်ဖွယ်ရှိသည့် ကုန်စည်များ၊ ရရန် ပိုင်ခွင့်များ သို့မဟုတ် ရန်ပုံငွေများ၊ ဆုံးရှုံးနစ်နာမှုခန့်မှန်းချက် စသည်တို့နှင့် ပတ်သက်သည့် ရှင်းလင်းဖော်ပြချက် အပါအဝင်* ယင်းဖြစ်ရပ်နှင့် ဆက်စပ်ဖြစ်ပွားမှုများ အကြောင်း ရှင်းလင်းဖော်ပြချက်
- စွပ်စွဲချက်၏ ရင်းမြစ် – *ယင်းသတင်းအချက်အလက်ကို မိတ်ဖက်ဖြစ်သူက မည်ကဲ့သို့ သတိပြုမိကြောင်း*
- စွပ်စွဲထားသည့် ဖြစ်ရပ်များ၏ အချိန်နှင့် တည်နေရာ
- ပါဝင်ပတ်သက်နိုင်ဖွယ်ရှိသည့် OCHA ရန်ပုံငွေထောက်ပံ့သည့် စီမံချက်(များ) – *အကယ်၍ မသိရှိပါက ယင်းစွပ်စွဲသည့် ဖြစ်ရပ်များ ပေါ်ပေါက်သည့်အချိန်/နေရာတွင် လုပ်ဆောင်လျက်ရှိသည့် MHF ရန်ပုံငွေထောက်ပံ့သော မည်သည့်စီမံချက်မဆိုကို ဖော်ပြရန်*
- စွပ်စွဲချက်များက စီမံချက်လုပ်ငန်းများအပေါ် သက်ရောက်မှု
- ယင်းဖြစ်ရပ်၏ ဆက်လက်သက်ရောက်နိုင်မှုကို လျှော့ချရန် မိတ်ဖက်ဖြစ်သူက ပြုလုပ်သည့် အရေးယူဆောင်ရွက်ချက်များ
- မိတ်ဖက်ဖြစ်သူသည် တိုင်ကြားသည့် ဖြစ်ရပ်များကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် စီစဉ် ထားခြင်း ရှိမရှိနှင့် ရှိပါက စီစဉ်ထားသည့် အချိန်ပြမျဉ်းကို ဖော်ပြရန်
- ယင်းဖြစ်ရပ်များကြောင့် သက်ရောက်နိုင်မည့် အခြားရန်ပုံငွေထောက်ပံ့မှုများကို ပံ့ပိုးပေးထားသည့် အလှူရှင်များအား သတ်မှတ်ဖော်ထုတ်ခြင်း။

လူပုဂ္ဂိုလ်ဆိုင်ရာ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြသည့် သတင်းအချက်အလက်ကိုဖြစ်စေ၊ ပါဝင်ပတ်သက်သည့် တစ်ဦးချင်းပုဂ္ဂိုလ်များ၏ လုံခြုံရေးအရ အကဲဆတ်သော အသေးစိတ် အချက်အလက်များကိုဖြစ်စေ ကာကွယ်စောင့်ရှောက်ရန် အပြည့်အဝ ထည့်သွင်းစဉ်းစားရမည်။

**စုံစမ်းစစ်ဆေးသည့် လုပ်ငန်းစဉ်၏ အဆင့်များ**

OCHA သည် မိတ်ဖက်ဖြစ်သူက ကိုယ်တိုင်သတင်းပို့တိုင်ကြားခြင်းဖြင့် လိမ်လည်မှုနှင့် လက်မခံနိုင်သည့် အပြုအမူဟု သံသယရှိသည့် တိုင်ကြားမှုများကို လက်ခံရရှိနိုင်ရုံမက တတိယပုဂ္ဂိုလ်များ (ဖော်ထုတ်တိုင်ကြားသူများ သို့မဟုတ် အခြားအကျိုးစီးပွားပိုင်ရှင်များ) ထံမှလည်း ရရှိနိုင်သည်။ ထို့ပြင် OCHA သည် MHF ၏ စီမံခန့်ခွဲမှုတာဝန်ကို ထမ်းဆောင်ရင်း လက်မခံနိုင်သည့် အပြုအမူဆိုင်ရာ ညွှန်ပြချက်များကို သတိပြုမိနိုင်သည်။

လိမ်လည်ကြောင်း သံသယများသည် ယုံကြည်လောက်ဖွယ်ဖြစ်၍ စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ပြုလုပ်မည်ဟု OCHA က ဆုံးဖြတ်သည့်အခါ ၎င်းသည် အောက်ပါလုပ်ဆောင်ချက်များအနက် တစ်ခုခုကို ဆောင်ရွက်နိုင်သည် –

<u>၁။ မိတ်ဖက်ဖြစ်သူအား စွပ်စွဲချက်များကို ကိုယ်တိုင်စုံစမ်းစစ်ဆေးစေခြင်း</u>

ဤအချက်သည် မိတ်ဖက်ဖြစ်သူက ကိုယ်တိုင်သတင်းပို့တိုင်ကြားသည့် စွပ်စွဲချက်များနှင့်သာ အဓိက အားဖြင့် သက်ဆိုင်သည်။ မိတ်ဖက်ဖြစ်သူသည် ကိုယ်တိုင်စုံစမ်းစစ်ဆေးရန် ဆန္ဒရှိပြီး ယုံကြည် အားထားဖွယ်ဖြစ်အောင် ဆောင်ရွက်နိုင်စွမ်းရှိပါက OCHA သည် ကိုယ်တိုင်စုံစမ်းစစ်ဆေးမှု၏ အချိန်ပြမျဉ်းနှင့် လုပ်ပိုင်ခွင့်နယ်ပယ်နှင့် ကန့်သတ်ချက်များ (ToR) ကို တောင်းခံမည်ဖြစ်သည်။ ကိုယ်တိုင်စုံစမ်းစစ်ဆေးမှု ပြီးစီးသည့်အခါ မိတ်ဖက်ဖြစ်သူသည် အစီရင်ခံစာကို OCHA နှင့် မျှဝေမည်ဖြစ်ကာ OCHA က အစီရင်ခံစာကို ပြန်လည်သုံးသပ်ပြီး ထပ်မံလိုအပ်သည့် သတင်း အချက်အလက်များကို တောင်းခံနိုင်သည်။ ကိုယ်တိုင်စုံစမ်းစစ်ဆေးမှု အစီရင်ခံစာတွင် မိတ်ဖက် ဖြစ်သူက တာဝန်ရှိသည့် မည်သည့်ပုဂ္ဂိုလ်အပေါ်၌မဆို စည်းကမ်းထိန်းသိမ်းရေးအတွက် အရေးယူ ဆောင်ရွက်မှုနှင့် ထပ်မံမဖြစ်ပွားအောင် ကာကွယ်တားဆီးရေးအတွက် မိတ်ဖက်ဖြစ်သူ၏ မူဝါဒ များနှင့် စနစ်များကို ခိုင်မာအားကောင်းစေရန် အကောင်အထည်ဖော်သည့် အရေးယူဆောင်ရွက်ချက်များ၏ အကျဉ်းချုပ်ဖော်ပြချက် ပါဝင်စေရမည်။ ကိုယ်တိုင်စုံစမ်းစစ်ဆေးမှု အစီရင်ခံစာများကို အမှု မပိတ်သိမ်းမီ OCHA က ကုလသမဂ္ဂ အဖွဲ့အစည်းအတွင်း စောင့်ကြပ်ကြည့်ရှုမှု ဝန်ဆောင်မှုများရုံး (OIOS) သို့ ပြန်လည်သုံးသပ်ရန် ထပ်ဆင့်ညွှန်းပို့မည်ဖြစ်သည်။

<u>၂။ လိမ်လည်သည်ဟု စိုးရိမ်မှုများကြောင့် စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို စတင်ခြင်း</u>

ဤအချက်သည် OCHA က ဖော်ထုတ်တွေ့ရှိသည့် သို့မဟုတ် တတိယပုဂ္ဂိုလ်/အဖွဲ့အစည်းများက တိုင်ကြားသည့် စွပ်စွဲချက်များနှင့် သက်ဆိုင်သည်။ ယင်းသည် ကိုယ်တိုင်စုံစမ်းစစ်ဆေးမှုကို ယုံကြည် အားထားဖွယ်ဖြစ်အောင် မဆောင်ရွက်လိုသည့်/မဆောင်ရွက်နိုင်သည့် မိတ်ဖက်တစ်ဦးက ကိုယ်တိုင် သတင်းပို့တိုင်ကြားလာသည့် ဖြစ်ရပ်များနှင့်လည်း အကျုံးဝင်နိုင်သည်။ OCHA သည် ယင်းစွပ်စွဲမှု များ၏ သက်ရောက်ခြင်းကို ခံရသည့် CBPF စီမံချက်များအား စုံစမ်းစစ်ဆေးရန် အသေးစိတ် စာရင်းစစ်ခြင်း တစ်ရပ်ကို စတင်ကြောင်း၊ ထို့ပြင်/သို့မဟုတ် OIOS အား စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ပြုလုပ်ရန် တောင်းဆိုကြောင်း ဆုံးဖြတ်နိုင်သည်။ စုံစမ်းစစ်ဆေးမှု လုပ်ငန်းစဉ်သည် သာမန်အားဖြင့် ၁၂ လမှ ၁၈ လအထိ ကြာမြင့်ပြီး ယင်းထက်လည်း ပိုမိုကြာမြင့်နိုင်သည်။

## တင်းကျပ်သည့် အရေးယူဆောင်ရွက်မှုများ

OCHA သည် လိမ်လည်မှုနှင့် လက်မခံနိုင်သည့် အပြုအမူကို လုံးဝသည်းမခံသည့် ကုလသမဂ္ဂ၏မူကို အတိအကျ လိုက်နာကျင့်သုံးသည်။ ထို့ကြောင့် ဖြစ်ရပ်များကို တွေ့ရှိသည့်အခါ သို့မဟုတ် တိုင်ကြား မှုကိုလက်ခံရရှိသည့်အခါ ယင်းဖြစ်ရပ်များကြောင့် ဆက်လက်သက်ရောက်နိုင်မှုကို အနည်းဆုံး ဖြစ်စေရန် ကြားကာလ အရေးယူဆောင်ရွက်မှုများကို ချမှတ်ရန် လိုအပ်လာနိုင်သည်။

တင်းကျပ်သည့် အရေးယူဆောင်ရွက်မှုများ ကျင့်သုံးခြင်းအား မိတ်ဖက်ဖြစ်သူက ကိစ္စရပ်များကို အပြည့်အဝ ဖော်ထုတ်ရန်၊ ယင်းကိစ္စရပ်များအား ကိုယ်တိုင်စုံစမ်းစစ်ဆေးရန်နှင့်/သို့မဟုတ် OCHA က ဆောင်ရွက်သည့် စုံစမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုလိုလားလားရှိမှု အပါအဝင် ကွဲပြားခြားနားသည့် အကြောင်းအချက်များကို ထည့်သွင်းစဉ်းစားလျက် ဖြစ်ရပ်တစ်ခုချင်းအလိုက် ဆုံးဖြတ်သည်။

OCHA ကချမှတ်နိုင်သည့် တင်းကျပ်သောအရေးယူဆောင်ရွက်ချက်များတွင် အောက်ပါတို့ ပါဝင်သည်

- ဆောင်ရွက်ဆဲ စီမံချက်များ ရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း
- ငွေထုတ်ပေးရန် ကျန်ရှိနေသည့် ပမာဏများကို ရပ်ဆိုင်းခြင်း
- ထိန်းချုပ်မှုဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် စီမံချက် အကောင်အထည်ဖော်မှုနှင့် ငွေထုတ်ပေးမှုများကို ဆက်လက်ပြုလုပ်ခြင်း
- မိတ်ဖက်ဖြစ်သူ၏ ဆုံးရှုံးနိုင်ခြေအဆင့်ကို တိုးမြှင့်သတ်မှတ်ခြင်း
- ဆောင်ရွက်ဆဲ စီမံချက်များအတွက် ရန်ပုံငွေတိုးမြှင့်ချထားခြင်း နည်းလမ်းအပါအဝင် MHF မှ ရန်ပုံငွေအသစ်ကို လျှောက်ထားရန် မိတ်ဖက်ဖြစ်သူ၏ (မိတ်ဖက်အဖြစ်နှင့် တစ်ဆင့်ခံ မိတ်ဖက်အဖြစ်) မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီမှုကို ယာယီရပ်ဆိုင်းခြင်း
- တင်းကျပ်သည့် အရေးယူဆောင်ရွက်ချက်များကို အခြားနိုင်ငံများရှိ CBPF များသို့ တိုးချဲ့ခြင်း

တင်းကျပ်သည့် အရေးယူဆောင်ရွက်ချက်များကို OCHA အမှုဆောင်အရာရှိ (EO) က ဆုံးဖြတ်ပြီး မိတ်ဖက်ဖြစ်သူသို့ လူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးမှူး သို့မဟုတ် OCHA ရုံးချုပ်က တရားဝင်ဆက်သွယ်ပြောကြားသည်။ OCHA ၏ နိုင်ငံအခြေပြုရုံးများနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဘဏ္ဍာငွေ ထောက်ပံ့ရေးဌာနများသည် တင်းကျပ်သည့် အရေးယူဆောင်ရွက်မှုများနှင့် စုံစမ်းရေးဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ပါဝင်ပတ်သက်ခြင်းမရှိပါ။

ကျေနပ်ဖွယ်ဖြေရှင်းမှု ရရှိချိန်တွင် တင်းကျပ်သည့် အရေးယူဆောင်ရွက်မှုများကို OCHA EO က တရားဝင်ဆုံးဖြတ်ချက်ဖြင့် ပြန်လည်ရုပ်သိမ်းနိုင်သည်။ HC သည် မူလက ၎င်းချမှတ်ထားသည့် မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီမှု ရပ်ဆိုင်းထားခြင်းများကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

## ဖြေရှင်းမှု

စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ်နှင့်/သို့မဟုတ် နောက်ဆက်တွဲ အာမခံလုပ်ဆောင်ချက်များ ပြီးဆုံးချိန်တွင် OCHA သည် တွေ့ရှိချက်များနှင့် မိတ်ဝတ်မပျက်သည့် ဖြေရှင်းမှုအတွက် အခြေအနေများကို မိတ်ဖက်ဖြစ်သူထံ ဆက်သွယ်ပြောကြားမည်ဖြစ်သည်။ ယင်းတို့တွင် အောက်ပါတို့ ပါဝင်နိုင်သည် –

- လိမ်လည်ရယူခဲ့သည့် ထို့ပြင်/သို့မဟုတ် အကျုံးမဝင်သည့် စရိတ်များကို မိတ်ဖက်ဖြစ်သူက OCHA သို့ ပြန်လည်ပေးအပ်ခြင်း
- ပေးချေရန်ကျန်ရှိနေသည့် ပမာဏကို OCHA က မိတ်ဖက်ဖြစ်သူသို့ အပြီးသတ်ထုတ်ပေးခြင်း
- သက်ဆိုင်ရာမိတ်ဖက်၏ ဌာနတွင်းထိန်းချုပ်မှုများကို ပိုမိုခိုင်မာအားကောင်းစေရေးအတွက် ပြန်လည်ပြုပြင်ရန် အရေးယူဆောင်ရွက်မည့် အစီအစဉ်များကို မိတ်ဖက်ဖြစ်သူက အကောင်အထည်ဖော်ခြင်း
- တာဝန်ရှိသည့်ပုဂ္ဂိုလ်အပေါ် စည်းကမ်းထိန်းသိမ်းရေးအတွက် အရေးယူဆောင်ရွက်ခြင်း
- အထက်ပါအခြေအနေများအနက် အချို့ သို့မဟုတ် အားလုံးကို ပြန်လည်စစ်ဆေး အတည်ပြုရန် လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ချက်အသစ်ကို ပြုလုပ်ခြင်း။

ဖြေရှင်းမှုနည်းလမ်းအတွက် အခြေအနေများအားလုံးကို ကျေနပ်ဖွယ်ဖြည့်ဆည်းထားကြောင်း အတည်ပြုပြီးသည့်အခါ OCHA EO သည် တင်းကျပ်သည့် အရေးယူဆောင်ရွက်မှုများကို ရုပ်သိမ်းရန် နှင့် မိတ်ဖက်ဖြစ်သူ၏ မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီမှုကို ပြန်လည်အသက်ဝင်စေရန် ဆုံးဖြတ်နိုင်သည်။

ကျေနပ်ဖွယ်မရှိသည့် ဖြေရှင်းမှုများအတွက် OCHA သည် မိတ်ဖက်ဖြစ်သူနှင့် ယင်း၏ ထိပ်ပိုင်း စီမံခန့်ခွဲသူများကို OCHA ၏ တားမြစ်ကန့်သတ်ထားသူများ စာရင်းတွင် ထည့်သွင်းမည်ဖြစ်ပြီး ယင်းသတင်းအချက်အလက်ကို သက်ဆိုင်သည့် MHF အလှူရှင်များနှင့် အခြားကုလသမဂ္ဂ အဖွဲ့ အစည်းများနှင့် သင့်လျော်သလို မျှဝေမည်ဖြစ်သည်။ အကယ်၍ အဖွဲ့အစည်းသည် အစိုးရ မဟုတ်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါက ကမ္ဘာတစ်ဝန်းရှိ CBPF ရန်ပုံငွေထောက်ပံ့မှုအားလုံးမှ တားမြစ်ကန့်သတ်ရန် စဉ်းစားနိုင်သည်။